# ကျင်းတူးနေထိုင်လေ့ရှိသော ကြွက်အမျိုးအစားများနှင့် ကာကွယ်နှိမ်နင်းနည်းများ

## (Good Burrowers, Rodents and Control Managements)



(က) မြေကြွက်ကြီး (Greater Bandicoot Rat)



(ခ) မြေကြွက်ငယ် (Lesser Bandicoot Rat)



(ဂ) လယ်ကြွက် (Savilei's Rat)



(ဃ) ကြွက်ဖားလောင်း
(Short–Tailed Rice–Field Mouse)



(င) ပွေး(Lesser Bamboo Rat)

**ဘက်စုံကာကွယ်နှိမ်နင်းနည်းများ**

(၁) ထယ်နက်နက်ထိုးပေးခြင်း
(၂) သန့်ရှင်းရေး ပြုလုပ်ခြင်း
(၃) ကြွက်ကျင်း တူးခြင်း
(၄) ရေလောင်းထည့်ခြင်း
(၅) ထောင်ချောက်သုံးခြင်း
(၆) ခွေးမုဆိုးသုံး၍ ကာကွယ်ခြင်း
(၇) ဓါတုဆေးသုံးခြင်း
(၈) မီးခိုးမှိုင်းတိုက်ခြင်း
(၉) သဘာဝရန်သူများဖြင့်နှိမ်နင်းခြင်း

# အမြင့်တက်နေထိုင်လေ့ရှိသော ကြွက်အမျိုးအစားများနှင့် ကာကွယ်နှိမ်နင်းနည်းများ

## (Good Climbers, Rodents and Control Managements)



(က) ကြွက်ဝမ်းဖြူ (Black Rat)



(ခ) အိမ်ကြွက် (Pacific Rat)



(ဂ) ကြွက်ဖားလောင်း (House Mouse)



(ဃ) ရှဉ့် (Burmese striped squirrel)

**ဘက်စုံကာကွယ်နှိမ်နင်းနည်းများ**

(၁) သန့်ရှင်းရေး ပြုလုပ်ခြင်း

(၂) ထောင်ချောက်သုံးခြင်း

(၃) ခွေးမုဆိုးသုံး၍ ကာကွယ်ခြင်း

(၄) ဓါတုဆေးသုံးခြင်း

(၅) မီးခိုးမှိုင်းတိုက်ခြင်း

(၆) သစ်မာပင်များတွင် ပြောင်သွပ်ကပ်ပေးခြင်း

(၇) သဘာဝရန်သူများဖြင့်နှိမ်နင်းခြင်း

### သီးနှံစိုက်ခင်းများတွင် ကြွက် ကာကွယ်နှိမ်နင်းခြင်း

(၁) သက်တမ်းတူ၊ သီးနှံတူသော သီးနှံများကို စိုက်ချိန်တူညီစွာ တပြေးညီ စိုက်ပျိုးပါ။

(၂) သီးနှံစိုက်ခင်းနှင့် အနီးတဝိုက်တွင် ၂-ပတ်တကြိမ်၊ ကြွက်လှုပ်ရှားမှု ပုံမှန်စစ်ဆေးရပါမည်။

(၃) ကင်းထောက်ခြင်းသည် အရေးကြီးဆုံး ဖြစ်ပါသည်။

(၄) နီးစပ်ရာတောင်သူများသည် ပေါင်းမြက်များနှင့် ကြွက်ကျင်းများကို စုပေါင်း၍ ဖယ်ရှား ရှင်းလင်းခြင်း ပြုလုပ်ရမည်။

### မြေကြွက် ကာကွယ်နှိမ်နင်းခြင်း

(၁) မြေကြွက်အမျိုးအစားအတွက် ကြွက်ကျင်းတူးပစ်ရပါမည်။

(၂) ကြွက်ပြေးလမ်းတလျှောက် ဆေးချ ရပါမည်။

(၃) ကျင်းထဲသို့ ဦးစားပေး၍ ကြွက်ဆေးချရပါမည်။

### ကြွက်ဝမ်းဖြူနှင့် ကြွက်ဖလောင်း ကာကွယ်နှိမ်နင်းခြင်း

(၁) ကြွက်ဝမ်းဖြူနှင့် ကြွက်ဖလောင်းအမျိုးအစားများအတွက် ခြုံရှင်းခြင်း၊ ပုန်းခိုရာနေရာ ဖယ်ရှားပစ်ခြင်းတို့ ဆောင်ရွက်ရပါမည်။

(၂) ကြွက်ပြေးလမ်းများ၌ ဦးစားပေး ဆေးချရမည်။

(၃) ကြွက်ဝမ်းဖြူများသည် သစ်ပင်/သစ်ကိုင်းများပေါ်တွင် နေထိုင်လေ့ရှိသည့်အတွက်သစ်မာပင်များ၏အခြေ မြေပြင်မှ အမြင့် (၃)မီတာခန့်တွင် ပင်စည်ပတ်လည် ၌ (၁-၁.၅ပေ) အမြင့်ရှိသော ပြောင်သွပ်ကို ကပ်၍ကာကွယ်ရမည်။

(၄) သစ်မာပင်များ၏ ကိုင်းများပေါ်တွင် အရှင်ဖမ်း ထောင်ချောက်ကို မြဲမြံအောင် ကပ်၍ ချည်နှောင်ပြီးလည်း ဖမ်းဆီးကာကွယ်နိုင်ပါသည်။

(၅) အပင်ခြေတွင် ဆေးချပေးရမည်။

(၆) အရှင်ဖမ်းထောင်ချောက်များ အသုံးပြုရာတွင် ကြွက်ထောင်ချောက်အတွင်းသို့ ဆေးခဲများ ထည့်ပြီး ချထားပေးပါက ပိုမိုထိရောက်မှုရှိပါသည်။

**ကြွက်ကာကွယ်နှိမ်နင်းရေးတွင် သတိပြုလိုက်နာဆောင်ရွက်ရမည့်အချက်များ**

(၁) ကြွက် Outbreak ဖြစ်ပါက ဦးစွာလျှော့ချရန် ချက်ချင်းသေစေသောဆေး (ဇင့်ဖော့စဖိုဒ်)ကို အသုံးပြုရပါမည်။

(၂) မိုးရွာသွန်းချိန်တွင် ကြွက်သတ်ဆေးများ အသုံးပြုခြင်းထက် ကြွက်ထောင်ချောက် အသုံးပြုခြင်းမှာ ပိုမိုထိရောက်ပါသည်။

(၃) ဝါးပန်းပွင့်ပြီး ဝါးသီးသီးချိန်၊ စပါးဖုံးတုံးလုံးတုံးအချိန်နှင့် ပြောင်းပန်းပွင့်ချိန်တို့၌ သတိပြု၍ ကြွက်ကာကွယ်နှိမ်နင်းပေးရပါမည်။

(၄) ကြွက်အုပ်စု တစ်မျိုးနှိမ်နင်းပြီးပါက မတူညီသော အခြားကြွက်အုပ်စုတစ်မျိုး ထပ်မံ ကျရောက်လာနိုင်သဖြင့် သတိပြုရန်လိုအပ်ပါသည်။

(၅) ကြွက်ကျရောက်လေ့ရှိသောဒေသများသို့ ကြွက်ထောင်ချောက်နှင့် ကြွက်ဆေးများ ကြိုတင်ပေးပို့ ထားရှိရန်လိုအပ်ပါသည်။

**ကြွက်ဆေးချနှိမ်နင်းခြင်း**

ပထမနေ့၌ အစာသီးသန့်ကို ဦးစားပေးချထားရမည်။ နောက်နေ့တွင် ဇင့်ဖော့စဖိုဒ် ၂% ၊ မြေပဲဆီ ၀.၅% နှင့် ဆန်/ပဲ/ဂျုံ(မွှားစာ) ခြောက်သွေ့နေသောအမှုန့်ကို ရောစပ်၍ ကြွက်အမျိုးအစားနှင့်ကျရောက်မှုပမာဏအပေါ်မူတည်၍ တစ်နေရာလျှင် (၅-၂၀) ဂရမ်ခန့် ဆေးချပေးရန်လိုအပ်ပါသည်။ ဆေးထည့်ရန် ပလပ်စတစ်ခွက်(သို့) ထည့်စရာတစ်ခုခု ကို အသုံးပြုပေးပါက ဆေးအလေအလွင့်ဖြစ်မှု နှင့် အန္တရာယ်ဖြစ်မှုကို ကာကွယ်စေပါသည်။ ကြွက်လှုပ်ရှားမှုဆက်လက်တွေ့ရှိပါက ထပ်၍ ဆေးချပေးရန် လိုအပ်ပါသည်။

တဖြည်းဖြည်းချင်း သေစေသောဆေး ပြောင်းလဲ၍ သုံးနိုင်ပါသည်။ အသင့်သုံးဆေးခဲ များ မဟုတ်သော (Chronic Poison) ဆေးများအတွက် သုံးစွဲရာတွင် ဆေးရောစပ်မှု၊ ဆေးနှုန်းထားများကို အညွှန်းစာအရ အတိအကျ လိုက်နာသုံးစွဲရမည်။

သတိပြုရန်-

(၁) ဆေးတစ်မျိုး နှင့် တစ်မျိုး၊ အဆိပ် နှင့် အစာ ရောစပ်နှုန်း မတူညီကြပါ။

(၂)ကြွက်သတ်ဆေး အမှုန့်များ နှင့် အသင့်သုံး ဆေးခဲများ ကို ကလေးများ လက်လှမ်းမမီနိုင်သောနေရာတွင် သော့ခတ်သိမ်းဆည်းထားပါ။

**သီးနှံစိုက်ခင်းများတွင် ပွေး ကာကွယ်နှိမ်နင်းနည်း**

(၁) စိုက်ခင်းတွင် ပွေးတွင်း တွေ့ရှိပါက ထယ်သွားနက်နက်ထိုးခြင်း

(၂) ပွေးကျင်းလမ်းကြောင်းတလျှောက် လက်ရှိပွေးဖျက်ဆီးနေသော သီးနှံထက် ပိုမိုနှစ်သက် သည့် အစာကိုသုံး၍ ပွေးထောင်ချောက်ဖြင့်ဖမ်းခြင်း

(၃)နွားချေးခြောက်နှင့် ငြုတ်ကောင်းမှုန့်/ ငြုတ်သီးခြောက်ကို ပွေးကျင်းထဲထည့်၍ မီးခိုးမှိုင်း တိုက်ခြင်း

(၄) တစ်ကြိမ်စားရုံဖြင့်သေစေသော ကြွက်သတ်ဆေး (wax block) အသုံးပြုခြင်း

(၅) ခွေးမုဆိုးလွှတ်၍ ဖမ်းဆီးခြင်း

(၆) ပွေးကျင်းတူးခြင်း

**သီးနှံစိုက်ခင်းများတွင် ရှဉ့် ကာကွယ်နှိမ်နင်းနည်း**

(၁) အကိုင်း အခက် အလက်များကို စနစ်တကျ ရှင်းလင်းခြင်း

(၂) လက်ရှိရှဉ့်ဖျက်ဆီးနေသော သီးနှံထက် ပိုမိုနှစ်သက်သည့်အစာ (ဥပမာ–ပြောင်းဖူး) ကိုသုံး၍ အပင်ခြေတဝိုက်တွင် ထောင်ချောက်များချ၍ ဖမ်းခြင်း

(၄) ဓါတုဆေး အသုံးပြုခြင်း

(၅) IPM နည်းဖြစ်သော Pepper Spray (ရေ + ငြုတ်သီး) သုံး၍ ကာကွယ်ခြင်း

(၆) သစ်ပင်၏ ပင်စည်တွင် ပြောင်သွပ်ကပ်၍ ကာကွယ်ခြင်း